မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council

PO Box 144 Mae Sod Post Office Tak Province 63110 Thailand Tel : Fax (66) (055) : 542 910
E-mail : blcsan@ksc.th.com; Website : www. blc-burma.org

# ကျောင်းသားခေါင်းဆောင် မင်းကိုနိုင် ပါ (၂၁)ဦးအမှုအား မိသားစုနှင့် အများပြည်သူများသို့ ကြားနာခွင့်ပေးရန် တောင်းဆိုခြင်း။

## အမှုဖြစ်စဉ်အကျဉ်း

စစ်အစိုးရဖမ်းဆီးထားသော ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်ပါ ၂၁ ဦးအား (၆၊ ၁၀၊ ၂၀၀၈) နေ့က အင်းစိန်ထောင် သီးသန့်တရားရုံးတွင် ရုံးထုတ်စစ်ဆေးရာသို့ မိသားစုဝင်များကို လာရောက်ကြားနာခွင့် မပေးသဖြင့် ၎င်းတို့က တရားရုံးနှင့် ဆက်လက်ပူးပေါင်းခြင်းမပြုနိုင်ကြောင်း ပြောကြားခဲ့သည်ဟု အမှုလိုက်ပါဆောင်ရွက်ပေးနေသည့် တရားရုံးချုပ်ရှေ့နေ ဦးခင်မောင်ရှိန်မှ နိုင်ငံတကာ အသံလွှင့်ဌာနများသို့ တရားဝင်ကြေငြာခဲ့ပါသည်

## ဥပဒေရေးရာသုံးသပ်ချက်။

၁။ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်များအား စွဲဆိုထားသော အမှုများသည် ပြည်သူရှေ့မှောက်တွင် တရားစီရင်မှုမပြု လုပ်ရန် တားမြစ်ထားသော အမှုအမျိုးအစားများမဟုတ်ပါ။

နအဖ၏ ဥပဒေအမှတ် ၅/၂၀၀၀၊ "၂၀၀၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေ" ပုဒ်မ ၂ (င) တွင် ဥပဒေအရ တားမြစ်ထားချက်မှအပ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ခြင်းဟု အတိအလင်း ပြဋ္ဌာန်းထားသည့် တရားစီရင်ရေးဆိုင်ရာမူကို တိတိကျကျလိုက်နာရမည်ဖြစ်ပေသည်။ လွတ်လပ်ပွင့်လင်းသည့် တရားခွင်တွင် ပြည်သူ့ရှေ့မှောက်၌ တရားစီရင်ခြင်း ပြုရသည်မှာ တရားဥပဒေစိုးမိုးရေး၏အခြေခံပင်ဖြစ်သည်။

၂။ "တရားစီရင်ရာတွင် အမှန်တရားကို ဆုံးဖြတ်ရုံသာမကဘဲ ထိုသို့ အမှန်တရားစီရင်ကြောင်းကို အများမြင်စေရမည်" ဟု "ပြည်ထောင်စုမြန်မာနိုင်ငံနှင့် ၁ – မောင်ရွှေ (ခ) မောင်ရှေ၊ ၂ – မောင်ထွန်းရှင်" ၁၉၆၆၊ မ တ စ (တရားရုံးချုပ်) စာ၊ ၆၁၆ စီရင်ထုံးတွင် ထုံးဖွဲ့ထားသည်ကို ယနေ့တိုင်လိုက်နာကျင့်သုံးနေဆဲဖြစ်ပါသည်။

၃။ ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံတိုင်းလိုက်နာရသည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ်(၁၀)တွင် "လူတိုင်းသည် ၎င်းတို့၏အခွင့်အရေးနှင့်ဝတ္တရားများကို အဆုံးအဖြတ်ခံရာ၌လည်းကောင်း ၊ ၎င်းတို့အား ရာဇဝတ်ကြောင်းအရ တရားစွဲဆိုရာ၌လည်းကောင်း၊ လွတ်လပ်၍ ဘက်မလိုက်သော တရားရုံး၏ လူအများရှေ့မှောက်တွင် တရားမျှတစွာ ကြားနာစစ်ဆေးခြင်းကို ညီတူညီမျှ ခံစားပိုင်ခွင့်ရှိသည် ဟုပြဋ္ဌာန်းထားသည့်အတိုင်း တရားရုံးတွင် မိသားစုဝင်များ၊ အများပြည်သူများအား လာရောက်ကြားနာခွင့် ပေးရပေမည်။

၄။ မြန်မာနိုင်ငံ ဥပဒေများဆိုင်ရာ အက်ဥပဒေ ပုဒ်မ ၁၃(၃) အရ တရားရုံးသည် တရားမျှတမှု၊ သာတူ ညီမျှမှုနှင့် မွန်မြတ်သော အသိတရားတို့အရ အဆုံးအဖြတ်ပေးရမည်ဟု အတိအလင်း ပြဋ္ဌာန်းထား သည်ကို လိုက်နာရပါမည်။

၅။ သို့ဖြစ်ပါ၍ ကျောင်းသားခေါင်းဆောင် မင်းကိုနိုင် ပါ ၂၁ ဦး အမှုတွင် အမှုစစ်ဆေးရာ၌ မိသားစုများ အပါအဝင် အများပြည်သူအား တက်ရောက်ကြားနာခွင့်ပေးရန်၊ အများပြည်သူလွယ်လင့်တကူ တက်ရောက်ကြားနာနိုင်ရေး အတွက် အမှုကို အင်းစိန်ထောင်တွင် မစစ်ဆေးဘဲ၊ ရန်ကုန်မြို့တွင်းရှိ အမြဲတမ်း တရားရုံးတခုခုတွင် စစ်ဆေးရန်နှင့် တရားမျှတ၍ လွတ်လပ်သောတရားစီရင်မှုအား နှောက်ယှက်ဟန့်တားခြင်းမပြုရန် နအဖစစ် အစိုးရအား တောင်းဆိုလိုက်သည်။

ဥပဒေရေးရာ သုံးသပ်ရေးဌာန
မြန်မာနိုင်ငံရှေ့နေများကောင်စီ

ရက်စွဲ – ၂၀၀၈ ခုနှစ်၊ အောက်တိုဘာလ (၉) ရက်။

**အသေးစိပ်သိလိုပါလျှင် ဆက်သွယ်ရန် –**

ဦးမျိုး (၀၈၆ ၂၁၆၀၁၀၈ )၊ တာ၀န်ခံ၊ ဥပဒေရေးရာ သုံးသပ်ရေးဌာန။